လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကော့မှူးတောင်ဒဂုံနယ်

## ကျေးရွာအစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာ | ဒလကောက် ကျေးရွာ |
| ကျေးရွာအုပ်စု | မရမ်းတော ကျေးရွာ |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ရွာလယ် ဘုန်းတော်ကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၂ . ၂ . ၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ကျေးရွာ လူထုဗဟိုပြု စီမံကိန်း မိတ်ဆက် အစည်းအဝေး |

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၆၈ )ဦး ၊မ (၁၃၈ )ဦး= (၂၀၆) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက်။ ။ ရွာလူထုမှ လူထုဗဟိုပြု စီမံကိန်း အကြောင်း သိရှိနားလည်စေရန် နှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို ရွာလူထု ကိုယ်တိုင် အစီအစဉ်များ ရေးဆွဲ၍ အတူတကွ ပူးပေါင်း လက်တွဲ အကောင်အထည်ဖော်နိုင် ရန်နှင့် ကျေးရွာ အတွက် စေတနာ ဝန်ထမ်းများ ထွက်ပေါ်လာစေ ရန် ရည်ရွယ် ပါသည်။

ဆွေးနွေးချက်။ ။ အဖွင့် အမှာစကား အား ကျေးရွာ အုပ်ချုပ်ရေးမှူး မှ ပြောကြား၍ လူထုဗဟိုပြု စီမံကိန်း သည် ကျေးရွာလူထု အား ဗဟိုပြု ကြောင်း ကျေးရွာ လူထု ကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော် ရေးဆွဲ၍ ကျေးရွာလူထု မှ အတူတကွ ပူးပေါင်း ပါဝင် ဆောင်ရွက် ကြရန် တိုက်တွန်း ပြောကြားခဲ့ ပါသည်။

ထို့နောက် လူထု ဗဟိုပြု စီမံကိန်း မှ လူထု စည်းရုံးရေး မှူး ဦးအောင်မြင့်လှိုင် မှ စီမံကိန်း အကြောင်း မိတ်ဆက် ပြောကြားခြင်း၊ စီမံကိန်း လုပ်ငန်း စဉ်များ အကြောင်း ရှင်းလင်း

ပြောကြားပါ စေတနာ့ဝန်ထမ်း ရွေးချယ်ရာ ရွာလူထု မှ အဆိုပြုသော အမျိုးသား (၃) ဦး အမျိုးသမီး (၃) ဦးက မဲပေးမှုဖြင့် ရွေးချယ်ရာ ဦးတင်သိန်း ၏ လင်းလင်းကြည် မှ မဲ အများဆုံး ဖြင့် စေတနာ့ဝန်ထမ်း အဖြစ် ရွေးချယ်ခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။ ။ စေတနာ့ဝန်ထမ်း များအား ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများအား ရှင်းလင်းပြောကြားပြီး စေတနာ့ဝန်ထမ်း (၂)ဦး မှလည်း သဘောတူညီကြောင်းနှင့် ရွာလူထုကလည်း ကန့်ကွက်သူမရှိ သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

သဘောတူညီချက်။ ။ လူထုပံ့ပိုးမှု စီမံကိန်း ဆက်ဝန်း အပိုင်း (၆) ပိုင်း အဆင့် (၁၄) ဆင့်အား ရွာလူထုကို ရှင်းလင်းပြောပြီး ရွာလူထု မှ မရှင်းလင်းသည်များကို အပြန်အလှန် ဆွေးနွေး ရှင်းလင်းပြောကြားခဲ့ပါသည်။ စေတနာ့ဝန်ထမ်း ရွေးချယ်ရာတွင် အမျိုးသား၊ အမျိုးသမီး အချိုးညီစွာ ရွေးချယ်ခြင်းအား သဘောတူညီကြောင်းနှင့် လုပ်ငန်းစဉ်များအား ဆက်လက် လုပ်ကိုင်ရန် သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ပြီး ပထမနေ့ စီမံကိန်း မိတ်ဆက် အစည်းအဝေး အား ရုပ်သိမ်းခဲ့ပါသည်။

12/2/17

မှတ်တမ်းတင်သူ
ဦးအောင်မြင့်လှိုင်
လူထုစည်းရုံးရေးမှူး

၁။ ရွာတွင်းလမ်း ပြုပြင်ခြင်း
၂။ ရေကန် မြေသည်း ကျုံးသတ်ခြင်း
၃။ စာသင်ကျောင်း ပြုပြင်ခြင်း၊ မြေသည်း ကျုံးသတ်ခြင်း
၄။ မိုးရေလှောင်ကန် ရရှိရေး
၅။ အဝီစိ ဆက်ရေတွင်း ရရှိရေး
၆။ အဝတ်ကောက်၊ မင်းရွာ ချောင်းကူး တံတား ရရှိရေး တို့ ဖြစ်ကြပါသည်။

ထို့နောက် ကျေးရွာ စီ/ဖော်ဆောင် ကော်မတီ အား မဲဆန္ဒ ဖြင့် ရွေးချယ်ခဲ့ရာ - ဦးအောင်မျိုးဦး နှင့် ဒေါ်အေးမူ တို့က ခေါင်းဆောင် များ အဖြစ် ၎င်း၊ ငွေစာရင်းကိုင် အား ရွေးချယ်ရာတွင် ဦးမြင့်ဖြိုးဦးက ၎င်း၊ စောင့်ကြပ် ကြီးကြပ်ရေး ဆပ်ကော်မတီတွင် ဦးသိန်းအေး (ခေါင်းဆောင်) နှင့် ဒေါ်အိအိခွယ် တို့က ၎င်း၊ လုပ်ငန်း လည်ပတ် ပြုပြင် ထိန်းသိမ်း ရေး ဆပ်ကော်မတီတွင် ဦးကျော်မင်းလွင် (ခေါင်းဆောင်) နှင့် ဒေါ်သန်းရွှေ တို့ မှ လည်းကောင်း၊ ဝယ်ယူရေး ဆပ်ကော်မတီတွင် ဦးအောင်မျိုးဦး (ခေါင်းဆောင်) နှင့် ဒေါ်လဲ့လဲ့နွယ် တို့ အား လည်းကောင်း၊ ဆပ်ဖန် အကြံပြု တိုင်ကြားချက် ဖြေရှင်းရေး ဆပ်ကော်မတီတွင် ဦးကြည်ရွှေ ၊ ဒေါ်အေးမွန် တို့အား လည်းကောင်း အသီးသီး ရွေးချယ်ဖွဲ့စည်း ခဲ့ခြင်း အား သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

သဘောတူညီချက်။ ။ စီမံကိန်း လုပ်ငန်းခွဲ များ၊ ကျေးရွာ စီ/ဖော်ဆောင်ကော်မတီ အား မဲပေး ရွေးချယ်ခြင်း စသည်၊ ရွာလူထု၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ တို့မှ အဝဝတာဝန် ပူးပေါင်း လုပ်ကိုင်ခြင်း အား သဘောတူညီကြောင်း လက်မှတ်ရေးထိုး၍ အစည်း အဝေး အား ရုပ်သိမ်း ခဲ့ပါသည်။

14/2/17.

မှတ်တမ်းတင်သူ
ဦးအောင်မြင့်လှိုင်
လူထုစည်းရုံးရေးမှူး

